အမည် --------------------

(တစ်ပုဒ်ဆွာလျှင် ၁၀ မှတ်စီ)

၁။ အားရဝမ်းသာ အလှမာန်ယစ်နေသူ ခေမာမိဖုရား သန္တာန်၌ ဖြစ်သော စိတ်နှင့် စေတသိက်ကို ဖော်ပြပါ။

(ဖြေ)

၂။ သားသေဆုံး၍ ဟစ်အော်ငိုကြွေးနေသူ ကိသာဂေါတမီ သန္တာန်၌ ဖြစ်သောစိတ်နှင့် စေတသိက်ကို ဖော်ပြပါ။

(ဖြေ)

၃။ ရပ်ကွက်ထဲမှာ ကိုယ့်အိမ်ပဲ အကောင်းဆုံး ဖြစ်နေစေချင်သူများ၌ ဖြစ်သော စိတ်နှင့်စေတသိက်ကို ဖော်ပြပါ။

(ဖြေ)

၄။ အနာပေါက်နေသည့် လမ်းဘေးခွေးကို ဆေးကုပေးရန် တိရိစ္ဆာန်ဆေးကုခန်းသို့ အားရဝမ်းသာပို့ပေးသူ၌ ဖြစ်သော စိတ်နှင့်စေတသိက်ကို ဖော်ပြပါ။

(ဖြေ)

၅။ လင်းနို့များ ရဟန်းတော်တို့၏ အဘိဓမ္မာရွတ်သံ ကြားရစဉ် ဖြစ်သော စိတ်နှင့်စေတသိက်ကို ရေးပြပါ။

(ဖြေ)

၆။ ကံနှင့်ကံ၏အကျိုးပေးပုံ တရားတော်ကို ကြားရပြီး နားလည်သဘောပေါက်ကာ တရားတော်၌ လေးနက် ထက်သန်စွာ ယုံကြည်သူ၌ ဖြစ်သော စိတ်နှင့်စေတသိက်ကို ဖော်ပြပါ။

(ဖြေ)

၇။ ကံနှင့်ကံ၏အကျိုး နားလည်ပြီး၍ ဘိုးစဉ်ဘောင်ဆက် လုပ်ခဲ့သော ဝက်သတ်လိုင်စင်ကို အားရဝမ်းသာ စွန့်လွှတ်သူ၌ ဖြစ်သောစိတ်နှင့် စေတသိက်ကို ဖော်ပြပါ။

(ဖြေ)

၈။ ဒါယကာ, ဒါယိကာမတို့အား ရွှင်လန်းတက်ကြွစွာ သစ္စာလေးပါးတရား ဟောကြားနေသော ရဟန္တာအရှင်မြတ်ကြီး သန္တာန်၌ ဖြစ်သောစိတ်နှင့် စေတသိက်ကို ဖော်ပြပါ။

(ဖြေ)

၉။ ပဥ္စမဈာန်ဝင်စားနေသူ ပုထုဇဉ် ရူပဗြဟ္မာကြီး၏ သန္တာန်၌ ဖြစ်သောစိတ်နှင့် စေတသိက်ကို ဖော်ပြပါ။

(ဖြေ)

၁၀။ ဈာန်အင်္ဂါ လေးပါးပါသော ဖိုလ်ဝင်စားနေသည့် သောတာပန်၌ ဖြစ်သောစိတ်နှင့် စေတသိက်ကို ရေးပြပါ။

(ဖြေ)